## စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်များ နှင့် လေ့လာသုံးသပ်ချက် အား ထုတ်ပြန်ကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ ("ကုမ္ပဏီ") နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် ("၂၀၂၀ ဘဏ္ဍာရေးနှစ်") အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်း များအား ပူးတွဲ ထုတ်ပြန် ကြေညာအပ်ပါသည်။

နှိုင်းယှဉ်လေ့လာမှု ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့ သည် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ("၂၀၁၉ ဘဏ္ဍာရေးနှစ်") ကာလကို ဖော်ပြထားသော ဘဏ္ဍာရေး အစီရင်ခံစာ နှင့် နှိုင်းယှဉ်သုံးသပ် တင်ပြထားပါသည်။ ဆွေးနွေးချက် နှင့် လေ့လာသုံးသပ်ချက်များ မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2020 (Oct'19-Sep'20)** | FY 2019 (Oct'18-Sep'19) | % Change |
|---|---|---|---|
| Revenues | **339,952,008** | 317,634,004 | 7.0% |
| Cost of revenues | **(193,916,891)** | (188,866,674) | (2.7%) |
| Gross profit | **146,035,117** | 128,767,330 | 13.4% |
| *Gross margin* | ***43.0%*** | *40.5%* | |
| Administrative expenses | **(123,837,967)** | (106,017,916) | (16.8%) |
| Finance expenses | **(7,272,908)** | (9,189,064) | 20.9% |
| Other gains or (losses) | **7,044,203** | (1,319,327) | 633.9% |
| Share in (losses) profits of associates and joint ventures, net of tax | **(3,910,267)** | 8,019,602 | (148.8%) |
| Profit before income tax | **18,058,178** | 20,260,625 | (10.9%) |
| Income tax expense | **(6,358,651)** | (8,530,389) | 25.5% |
| **Profit for the year** | **11,699,527** | 11,730,236 | (0.3%) |
| Fair value gain/(loss) of available-for-sale investments | **5,737,520** | (1,184,958) | 584.2% |
| Share of other comprehensive income (losses) of associates | **5,375,946** | (2,315,056) | 332.2% |
| **Other comprehensive income (loss) for the year, net of tax** | **11,113,466** | (3,500,014) | 417.5% |
| **Total comprehensive income for the year** | **22,812,993** | 8,230,222 | 177.2% |

**Profit / (Losses) attributable to:**[1]

| | | |
|---|---|---|
| Owners of the Company | **(2,414,577)** | 2,710,711 |
| Non-controlling interests | **14,114,104** | 9,019,525 |
| | **11,699,527** | 11,730,236 |

**(Loss)/Earnings per share**

| | | | |
|---|---|---|---|
| Basic (MMK) | **(89)** | 100 | (189.1%) |
| Diluted (MMK) | **(89)** | 100 | (189.1%) |

COVID-19 ကပ်ရောဂါဘေးရိုက်ခတ်မှုကြောင့် အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများ ရှိခဲ့သော်လည်း ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ကုန်ဆုံးသော ("၂၀၂၀ ဘဏ္ဍာရေးနှစ်") အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်း ဝင်ငွေမှာ ကျပ် ၃၄၀.၀ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ကုန်ဆုံးသော ("၂၀၁၉ ဘဏ္ဍာရေးနှစ်") တွင် ရရှိခဲ့သော စုစုပေါင်းဝင်ငွေ ကျပ် ၃၁၇.၆ ဘီလီယံ နှင့်နှိုင်းယှဉ်လျှင် စုစုပေါင်း ဝင်ငွေ ၇.၀% တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြမ်း စိတ်ဖြာနိုင်ပါသည် -

| (MMK'000) | **FY 2020** **(Oct'19-Sep'20)** | FY 2019 (Oct'18-Sep'19) | % Change |
|---|---|---|---|
| Financial services | **307,413,898** | 285,178,475 | 7.8% |
| Healthcare services | **32,348,630** | 32,233,874 | 0.4% |
| Dividend income | **135,480** | 167,655 | (19.2%) |
| Rental income | **54,000** | 54,000 | 0% |
| **Total** | **339,952,008** | **317,634,004** | **7.0%** |

ဤအစီရင်ခံကာလအတွင်း ကုမ္ပဏီအုပ်စု၏ ဝင်ငွေတိုးတက်မှုမှာ အဓိကအားဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍမှ ဖြစ်ပြီး COVID-19 ၏ အကျိုးသက်ရောက်မှုသည် ၎င်းကဏ္ဍကို ထိခိုက်မှုများစွာ ရှိခဲ့သော်လည်း ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ကျပ် ၂၈၅.၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၀၇.၄ ဘီလီယံ ရရှိခဲ့သဖြင့် ဝင်ငွေ ၇.၈% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးတက်လာခြင်းမှာ အဓိကအားဖြင့် ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများ၊ အရစ်ကျဝယ်ယူခြင်း၊ အိမ်ရာချေးငွေ၊ ဒီဂျစ်တယ်ချေးငွေ၊ ဘဏ်အချင်းချင်း ချေးငွေများ နှင့် အစိုးရငွေတိုက်စာချုပ် နှင့် ငွေတိုက်လက်မှတ်များတွင် ရင်းနှီးမြှုပ်နှံမှုများထံမှ ရရှိသော ဝင်ငွေများ တိုးလာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မှ ဝင်ငွေသည်လည်း မမျှော်လင့်ထားသော COVID-19 ၏ အကျိုး သက်ရောက်မှုများစွာ ရှိခဲ့သော်လည်း ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၂.၂ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃၂.၃ ဘီလီယံ ရရှိခဲ့သဖြင့် ဝင်ငွေ ၀.၄ % ခန့် အနည်းငယ်မျှ တိုးတက်ခဲ့ပါသည်။ ထိုကဲ့သို့ ဝင်ငွေတိုးလာရသည့် အဓိကအကြောင်း အရင်းမှာ ဆေးရုံဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော ကျန်းမာရေးစစ်ဆေးမှုများ၊ အထွေထွေ ခွဲစိတ်ကုသမှုများ၊ အရိုးအကြောဆိုင်ရာအထူးကုသခြင်း၊ နှလုံးရောဂါဆိုင်ရာ အထူးကုသခြင်း၊ ဆေးဝါးရောင်းချခြင်း၊ ဓါတ်မှန်နှင့် ဓါတ်ခွဲခန်းဆိုင်ရာ ဝန်ဆောင်မှုများ ရိုက်ခြင်း၊ ဓါတ်ခွဲခန်းဝန်ဆောင်မှုများ၊ သူနာပြု ဝန်ဆောင်မှုများ၊ အင်တာနက်နည်းပညာ ဖြင့် အဝေးမှ ဆေးဝါးကုသမှုပေးခြင်း (Telemedicine) နှင့် အခြားသော ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှု

[1] Net (loss)/profit attributable to equity holders of the Company used for the computation of basic EPS has been adjusted for the distribution to the holders of perpetual securities.

များကြောင့် ဖြစ်ပါသည်။ COVID-19 ကာလတွင် ကျန်းမာရေးစောင့်ရှောက် မှုပုံစံမှာ ပြောင်းလဲလာခဲ့ပြီး ၂၀၂၀ပြည့်နှစ် မတ်လ နှောင်းပိုင်းမှ စတင်၍ ဒီဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းမှာ သိသိသာသာ မြင့်တက်လာပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၀ ဘဏ္ဍာရေးနှစ် အကြမ်းအမြတ်သည် ကျပ် ၁၄၆.၀ ဘီလီယံ ရှိရာ ၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ရရှိခဲ့သော အကြမ်းအမြတ် ကျပ် ၁၂၈.၈ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ၁၃.၄% တိုးတက်ခဲ့ပါသည်။ ဤကဲ့သို့ အကြမ်းအမြတ် တိုးတက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်သော ရိုးမဘဏ် လီမိတက်၏ အကြမ်းအမြတ် တိုးလာခြင်းကြောင့်သာ ဖြစ်ပါ သည်။

ထို့အပြင် ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်သည် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၆.၀ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂၃.၈ ဘီလီယံသို့ တိုးမြင့်ခဲ့ပါသည်။ ဤသို့ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းများမှာ ရိုးမဘဏ်မှ ထုတ်ချေးငွေများ အပေါ်တွင် ဆုံးရှုံးနိုင်ခြေအား ကြိုတင်လျာထားခြင်း၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှု ပမာဏများကို အထူးထည့်သွင်းစဉ်းစားခြင်းနှင့် ဘဏ်ခွဲရုံးများ ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ စရိတ်များ အတွက် ကုန်ကျခြင်း တို့ကြောင့်ဖြစ်ပါသည်။ ဤအစီရင်ခံ ကာလအတွင်း ကျွမ်းကျင် ပညာရှင်များအသုံးပြုမှုအတွက် ပေးရသော အခကြေးငွေများ အပါအဝင် ဝန်ထမ်းများ၏ လစာငွေ လျှော့ချခြင်း နှင့် ခရီးသွားလာစရိတ်များ လျော့ချခြင်း အစရှိသော COVID-19 ကာလအတွင်း ကုမ္ပဏီအုပ်စု၏ ကုန်ကျစရိတ် ထိန်းချုပ်ရေး အစီအမံ များကြောင့် အခြားသောစီမံခန့်ခွဲမှု အသုံးစရိတ်များသည်လည်း ကျဆင်းခဲ့ပြီး ကုန်ကျစရိတ်တစ်ခုလုံးနှင့် နှိုင်းယှဉ်လျှင် တစ်စိတ်တစ်ပိုင်းအားဖြင့် သက်သာခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များသည် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၉.၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ကျပ် ၇.၃ ဘီလီယံရှိသဖြင့် ၂၀.၉% ကျဆင်းခဲ့ပါသည်။ ကုမ္ပဏီ၏ အချို့သော ချေးငွေများကို ပြန်လည် ပေးဆပ်ခဲ့သောကြောင့် ချေးငွေများအပေါ် ပေးချေရသည့် အတိုးပေးရငွေနှင့်ဆိုင်သည့် ကုန်ကျစရိတ်များ ကျဆင်းသွားခြင်း၊ အမေရိကန်ဒေါ်လာဖြင့် ချေးယူထားသော ကြွေးမြီများအပေါ်တွင် နိုင်ငံခြားငွေ ဖလှယ်ခြင်းကြောင့် အမြတ်ရရှိခဲ့ခြင်း၊ ကုမ္ပဏီအုပ်စု၏ ကျပ်ငွေဖြင့် ရယူထားသော ချေးငွေများအပေါ်တွင်လည်း ဘဏ်အတိုးနှုန်းများ လျော့ကျခြင်းတို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များ ကျဆင်းသွားခဲ့ရခြင်း ဖြစ်ပါသည်။ စုစုပေါင်း ချေးငွေရယူမှု သည် ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၂၇.၉ ဘီလီယံသာ ရှိသည့်အတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိသော ကျပ် ၇၀.၃ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် စုစုပေါင်း ချေးငွေရယူမှုမှာ ကျပ် ၄၂.၄ ဘီလီယံ ကျဆင်းသွားခဲ့ပါသည်။

အခြားသော ဆုံးရှုံးမှုများ နှင့် အကျိုးအမြတ်များ ရရှိမှုကို တင်ပြရလျှင် ကုမ္ပဏီအုပ်စုသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇.၀ ဘီလီယံ အမြတ်ရရှိခဲ့သဖြင့် ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကျပ် ၁.၃ ဘီလီယံ အရှုံး နှင့်နှိုင်းယှဉ်လျှင် တိုးတက်ခဲ့ပါသည်။ အသေးစိပ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| (MMK'000) | **FY 2020 (Oct'19-Sep'20)** | FY 2019 (Oct'18-Sep'19) |
|---|---|---|
| Gain/ (Loss) on disposal of available-for-sale investments | **5,855,162** | (4,152) |
| Gain on disposal of property, plant, and equipment | **29,360** | 54,820 |
| Gain on foreign currency exchange, net | **2,909,633** | 2,596,887 |
| Write-off of unclaimed dividend | **3,164** | - |
| Write-off of other non-current assets and prepayments | **(101,730)** | (1,986,068) |
| Write-off of investment in associates | **(187,363)** | - |
| Write-off of available-for-sale investments | - | (258,941) |
| Capital gains tax | **(239,231)** | (433,515) |
| Fair value loss on initial recognition of investment property | | (872,173) |
| Loss on revaluation of investment property | **(1,014,556)** | - |
| Gain on disposal of ownership interest by a subsidiary | - | 150,000 |
| Write-off of property and equipment and intangible assets | **(210,236)** | (566,185) |
| **Total Other Gains** | **7,044,203** | (1,319,327) |

၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် Available-for-sale (AFS) ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် FMI မှ ပိုင်ဆိုင်သော Wave Money ကုမ္ပဏီ၏ အစုရှယ်ယာ ၁၀% ကို ရောင်းချခဲ့ခြင်းကြောင့် အမြတ်ငွေ ကျပ် ၅.၉ ဘီလီယံ ရရှိခဲ့ပါသည်။ ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ပေါ်ပေါက်သော အမြတ်ငွေမှာ ကျပ် ၂.၉ ဘီလီယံဖြစ်ပြီး အဓိက အားဖြင့် ကုမ္ပဏီအုပ်စု၏ ရပိုင်ခွင့်များ နှင့် ပေးရန်တာဝန်များအပေါ်တွင် နိုင်ငံခြားငွေဖလှယ်ခြင်းကြောင့် ရရှိသော နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာတွင် အသားတင်ရရှိသည့်အမြတ် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုမှ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုစာရင်းအား ပယ်ဖျက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှု ကျပ် ၁၈၇.၄ သန်းမှာ Star City နှင့်သက်ဆိုင်သည့် အစပျိုး တည်ထောင်ရေးစရိတ်များအား စာရင်းပယ်ဖျက်ခြင်းကြောင့် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများကို ဈေးကွက်တန်ဖိုးနှင့်အညီ တန်ဖိုးပြန်လည်သင့်ရာတွင် ကျပ် ၁.၀ ဘီလီယံ အရှုံးပေါ်ရခြင်းမှာ ပန်းလှိုင်ဆေးရုံအုပ်စုရှိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများ ကျဆင်းသွားခြင်းကြောင့် အရှုံး ကျပ် ၁.၂ ဘီလီယံ ပေါ်ပေါက်ခဲ့ပြီး အဆိုပါ ဆုံးရှုံးမှုသည် ကုမ္ပဏီ၏ ပြည်၊ ပုဂံနှင့် ရန်ကုန်မြို့တို့တွင်ရှိသော ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သတ်မှတ်ရာမှ ရရှိသော အမြတ်ငွေ ၀.၂ ဘီလီယံကြောင့် အနည်းငယ် သက်သာခဲ့ပါသည်။ ရိုးမဘဏ် လီမိတက်မှ ပုံသေ ပိုင်ပစ္စည်းများ (PP&E) အား စာရင်းပယ်ဖျက်ခြင်းကြောင့် ကျပ် ၂၁၀.၂ သန်း ဆုံးရှုံးခြင်း ခဲ့ရခြင်း ဖြစ်ပါသည်။

၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများ၏ ရရှိခဲ့သော အမြတ် နှင့် နှိုင်းယှဉ်လျှင် ကုမ္ပဏီအုပ်စုသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှုံးပေါ် ခဲ့ပြီး အသေးစိတ်ကို အောက်ပါ အတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြထားပါသည်။

**Investments in Associates and Joint Ventures** — **Group Share of (Loss)/Profit**

| (MMK'000) | **Stake** | **FY 2020 (Oct'19-Sep'20)** | FY 2019 (Oct'18-Sep'19) |
|---|---|---|---|
| Thanlyin Estate Development Limited | 30.00% | **(2,893,806)** | 8,194,865 |
| Chindwin Holdings Pte Limited | 30.00% | **(445,667)** | 29,490 |
| FMIDecaux Company Limited | 40.00% | **181,547** | (69,826) |
| Pun Hlaing Links Services Company Limited | 30.00% | **1,271** | 71,094 |
| LSC-FMI Company Limited | 50.00% | **(512)** | (1,188) |
| Meeyahta International Hotel Limited | 20.00% | **(464,948)** | (67,168) |
| FMI Garden Development Limited | 47.50% | **(288,152)** | (137,665) |
| **Total Share of (Loss)/ Profit** | | **(3,910,267)** | **8,019,602** |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများ၏ အရှုံးအမြတ်အား အချိုးကျခွဲဝေကျခံရာတွင် ၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် အမြတ်ငွေ ကျပ် ၈.၀ ဘီလီယံ ရှိခဲ့ရာ မှ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှုံးငွေ ကျပ် ၃.၉ ဘီလီယံ ရှိခဲ့သည့် အတွက် ၁၄၈.၈% ကျဆင်းသွားပါသည်။ ထိုသို့ ကျဆင်းရသည့် အဓိကအကြောင်းရင်းမှာ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍအနေဖြင့် COVID-19 ကာလအတွင်း လုပ်ငန်းမှ ဝင်ငွေတိုးတက်မှုများ ရှိခဲ့သော်လည်း Thanlyin Estate Development Co., Ltd လက်အောက်ရှိ Star City နှင့် City Loft တို့တွင် ရင်းနှီးမြှုပ်နှံထားသော အိမ်ရာစီမံကိန်းများအား ဈေးကွက်တန်ဖိုးပြန်လည် သတ်မှတ်ရာမှ ဖြစ်ပေါ်လာသော ဆုံးရှုံးမှုကြောင့်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီအုပ်စုသည် ၎င်း၏ တွဲဖက် ကုမ္ပဏီဖြစ်သော Thanlyin Estate Development Ltd. မှ ၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် အမြတ်ငွေ ကျပ် ၈.၂ ဘီလီယံ ရရှိခဲ့သော်လည်း ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂.၉ ဘီလီယံထိ အရှုံးပမာဏ မြင့်တက်ခဲ့ပါသည်။ Chindwin Holdings Pte Ltd တွင် အရှုံးဝေစု ကျပ် ၄၄၅.၇ သန်း ကျခံရခြင်း မှာ နိုင်ငံခြား ငွေလဲလှယ်နှုန်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုကို စာရင်းသင့်ကျခံရခြင်း ကြောင့်ဖြစ်ပါသည်။ Meeyahta International Hotel Ltd ၏ အရှုံးဝေစု ကျပ် ၄၆၄.၉ သန်း သည်လည်း ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပေါ်ပေါက်ခဲ့သော အခြားအရှုံးများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများကို စာရင်းသင့် ကျခံခြင်းကြောင့် သာ ဖြစ်ပါသည်။ FMIDecaux ထံမှ ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အရှုံးငွေ ကျပ် ၆၉.၈ သန်း ရရှိခဲ့သော်လည်း ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကောင်းမွန်သော ရလဒ်များ ရရှိခဲ့သည့်အတွက် အမြတ်ငွေ ကျပ် ၁၈၁.၅ သန်းကို ရရှိခဲ့ပါသည်။

ဝင်ငွေခွန်မဆောင်မီ အမြတ်ငွေသည် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကျပ် ၂၀.၃ ဘီလီယံ ရရှိရာမှ ၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ကျပ် ၁၈.၁ ဘီလီယံ ရရှိခဲ့သည့်အတွက် ၁၀.၉% ကျဆင်းခဲ့ပါသည်။ ထိုသို့ ကျဆင်းရသည့် အကြောင်းရင်းများမှာ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများကို ဈေးကွက်တန်ဖိုးပြန်လည်သတ်မှတ်ရာမှ ဖြစ်ပေါ်လာသော အရှုံးများနှင့် အထူးသဖြင့် ရိုးမဘဏ်မှ ထုတ်ချေးငွေများအပေါ် ဆုံးရှုံးနိုင်ခြေများကို ကြိုတင်လျာထားခြင်းကြောင့် စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များ မြင့်တက်လာရခြင်းဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ စုစုပေါင်း အသားတင်အမြတ်ငွေ မှာ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၀.၃% အထိ အနည်းငယ်ကျဆင်းခဲ့ပြီး ကျပ် ၁၁.၇ ဘီလီယံ ရရှိခဲ့ပါသည်။ ထိုကဲ့သို့ အသားတင်အမြတ်ငွေ ကျဆင်းရသည့် အကြောင်းရင်းမှာ ယခုနှစ်တွင် တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ် ကုမ္ပဏီများထံမှ အချိုးကျရရှိမည့် အမြတ်ငွေများ သိသိသာသာ ကျဆင်းသွားသောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ၎င်း၏ Availabel-for-sale investment (ကာလတို ရင်းနှီးမြှုပ်နှံမှု) များအား တန်ဖိုးများ ပြန်လည်သင့် ရာတွင် ၂၀၂၀ ဘဏ္ဍာရေး နှစ်အတွင်း ကျပ် ၅.၇ ဘီလီယံ အမြတ်ရရှိခဲ့ပြီး ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁.၂ ဘီလီယံ ဆုံးရှုံးခဲ့ပါသည်။ ကုမ္ပဏီ အုပ်စု၏ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးပြန်လည်သတ်မှတ်မှု အသေးစိပ်အား အောက်ပါ အတိုင်း တင်ပြထား ပါသည်။

| Investments (MMK'000) | Carrying Value Before Adjustment | Fair Value Adjustment | Carrying Value after Adjustment |
|---|---|---|---|
| MTSH | 2,638,362 | (257,401) | 2,380,961 |
| Memories Group | 3,056,458 | (1,453,898) | 1,602,560 |
| 5% shareholding in Wave Money by Yoma Bank Limited | 2,364,931 | 7,448,819 | 9,813,750 |
| **Total** | **8,059,751** | **5,737,520** | **13,797,271** |

အထက်ဖော်ပြပါ တန်ဖိုးပြန်လည်သင့်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အရှုံးများမှာ YSX နှင့် SGX တို့တွင် စာရင်းဝင်ထားသည့် Myanmar Thilawa SEZ Holdings Public Company Limited (“MTSH”) နှင့်  Memories Group Limited (“Memories Group”)  တို့တွင် ရင်းနှီးမြှုပ်နှံထားသော အစုရှယ်ယာတန်ဖိုးများ ကျဆင်းခြင်းကြောင့် ဖြစ်ပါသည်။ အမြတ်ငွေ ကျပ် ၇.၄ ဘီလီယံ မှာ ရိုးမဘဏ်မှပိုင်ဆိုင်သည့် Digital Money Myanmar Ltd  (“Wave Money”) ၏ အစုရှယ်ယာ ၅% အား ဈေးကွက်ပေါက်ဈေးဖြင့် ပြန်လည်၍ တန်ဖိုးသင့်ခြင်းကြောင့် ရရှိလာသည့်အမြတ် ဖြစ်ပါသည်။

၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စုသည် တွဲဖက်ကုမ္ပဏီများထံမှ အချိုးကျရရှိသည့် လုပ်ငန်းလည်ပတ်မှုမှ မဟုတ်သော အခြားဝင်ငွေမှာ ကျပ် ၅.၄ ဘီလီယံ ရရှိခဲ့ပါသည်။ ထိုသို့ ရရှိခဲ့သော အခြားဝင်ငွေများမှာ အဓိကအားဖြင့် Thanlyin Estate Development Ltd ၊ Chindwin Holdings Pte Ltd နှင့် Meeyahta International Hotel Ltd.တို့၏ နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ အသားတင် ရရှိသည့် ဝင်ငွေ  ဖြစ်ပါသည်။ ရလဒ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ စုစုပေါင်း အခြားဝင်ငွေမှာ ယခင်ကာလတွင် (၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း) ရရှိခဲ့သော ကျပ် ၈.၂ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ကျပ် ၂၂.၈ ဘီလီယံ ရရှိခဲ့သည့်အတွက် ၁၇၇.၂% တိုးတက်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စုသည် ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကောင်းမွန်သော ရလဒ်များ ရရှိခဲ့သော်လည်း  အစုရှယ်ယာရှင်များ နှင့်သက်ဆိုင်သည့် အသားတင် အရှုံးငွေ သည် ကျပ် ၂.၄ ဘီလီယံ ရရှိခဲ့သည့်အတွက်  ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော အသားတင်အမြတ်ငွေ ကျပ် ၂.၇ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ကျဆင်းခဲ့ပါသည်။ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် မသက်ဆိုင်သည့် အမြတ်ငွေ (Non-controlling Interest) သည် ကျပ် ၁၄.၁ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ်တွင် ရရှိခဲ့သော ကျပ် ၉.၀ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် မြင့်တက်ခဲ့ပါသည်။ ထိုသို့ဖြစ်ရသည့်အကြောင်းရင်းမှာ ဘဏ္ဍာရေးကဏ္ဍက ရရှိခဲ့သော အမြတ်ငွေများထက် COVID-19 ၏ အကျိုးသက်ရောက်မှုများကြောင့် ကုမ္ပဏီ၏ အခြားစီးပွားရေးကဏ္ဍများဖြစ်သော အိမ်ရာဖော်ထုတ်တည်ဆောက်ရေးနှင့် ကျန်းမာရေး ကဏ္ဍတို့တွင် ဖြစ်ပေါ် ခဲ့သော အရှုံးများက ပို၍များသောကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့်သက်ဆိုင်သည့် တစ်စုအပေါ်ရရှိသည့်အခြေခံဝင်ငွေ (Basic EPS) မှာ ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အရှုံးအဖြစ်အနှုတ် (၈၉) ကျပ် ရရှိသည့်အတွက် ၁၈၉.၁% ထိ ကျဆင်းခဲ့ပြီး၊ ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ (Diluted EPS) မှာလည်း အနှုတ် (၈၉) ကျပ်ပင် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် အစုရှယ်ယာ ထပ်တိုးဝယ်ယူခြင်းနှင့် အစုရှယ်ယာလွှဲပြောင်းရယူမှု ကိစ္စများ ပြီးမြောက်အောင်မြင်ခဲ့သည့်အတွက် ဤ ဘဏ္ဍာရေး အစီရင်ခံစာများ ပြင်ဆင်တင်ပြသည့်အချိန်တွင် ကျင့်သုံးခဲ့သော စာရင်းစံနှုန်းများအရ အဆိုပါကာလအတွင်း ရယူလိုက်သော အစုရှယ်ယာများအတွက် ထိုက်သင့်သော အမြတ်ငွေကို ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် အမြတ်ငွေထဲတွင် ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။ သို့သော်လည်း အောက်တွင် ဖော်ပြထားသည့် ကုမ္ပဏီအုပ်စု၏ လက်ကျန်ငွေစာရင်းရှင်းတမ်းထဲတွင် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုတွင် အဆိုပါ တိုးတက်လာသည့် အမြတ်များကို ထည့်သွင်းဖော်ပြထားပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ အနှစ်ချုပ်စာရင်းရှင်းတမ်း ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေ နှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 30-Sep-2020** | As at 30-Sep-2019 | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **3,059,673,392** | 2,533,185,465 | 20.8% |
| Total non-current assets | **552,711,392** | 571,970,575 | (3.4%) |
| **Total assets** | **3,612,384,784** | 3,105,156,040 | 16.3% |
| **LIABILITIES** | | | |
| Total current liabilities | **3,101,233,435** | 2,720,380,252 | (14.0%) |
| Total non-current liabilities | **5,168,789** | 61,087,662 | 91.5% |
| **Total liabilities** | **3,106,402,224** | 2,781,467,914 | (11.7%) |
| **NET ASSETS** | **505,982,560** | 323,688,126 | 56.3% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **403,109,321** | 214,716,140 | |
| Non-controlling interest | **102,873,239** | 108,971,986 | |
| **Total equity** | **505,982,560** | 323,688,126 | 56.3% |

စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၂,၅၃၃.၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၃,၀၅၉.၇ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းရင်း မှာ ရိုးမဘဏ်၏ ချေးငွေအမျိုးမျိုး၊ ရိုးမဘဏ်လီမိတက်မှ ငွေတိုက်စာချုပ် (Treasury bonds) နှင့် ငွေတိုက်လက်မှတ် (Treasury bills) များကို ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း၊ ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍနှင့် ကုမ္ပဏီတို့၏ ငွေသားလက်ကျန်များ၊ ရရန်ရှိများ (Trade & other receivables) တိုးလာခြင်းတို့ကြောင့်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဘဏ်၏ ချေးငွေပမာဏသည် ကျပ် ၁,၉၈၀.၅ ဘီလီယံ ရှိပြီး ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှိခဲ့သော ပမာဏ ကျပ် ၁,၈၄၅.၃ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာခဲ့ပါသည်။ ကုမ္ပဏီသည် Available-for sales investment အဖြစ် ရင်းနှီးမြှုပ်နှံထားသော Wave Money

၏ လက်ကျန် အစုရှယ်ယာ ၁၀% ကို ရောင်းချလိုက်ခြင်းကြောင့် စုစုပေါင်း လက်ငင်းရပိုင်ခွင့်များ တိုးမြင့်လာခြင်းကို အနည်းငယ် လျော့ကျစေပါသည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၅၇၁.၉ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၅၅၂.၇ ဘီလီယံ သို့ အနည်းငယ် လျော့ကျသွားခဲ့ပါသည်။

စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်ရှိသော ကျပ် ၂,၇၂၀.၄ ဘီလီယံ နှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၃,၁၀၁.၂ ဘီလီယံ သို့ တိုးလာပါသည်။ ထိုသို့ တိုးလာရသည့် အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်လီမိတက်၏ အပ်နှံငွေများ တိုးများလာခြင်းကြောင့် ဖြစ်ပါ သည်။

စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များမှာ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ကျပ် ၆၁.၁ ဘီလီယံ ရှိရာမှ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ကျပ် ၅.၂ ဘီလီယံသို့ ကျဆင်းသွားပါသည်။ ထိုသို့ ကျဆင်းသွားရသည့် အကြောင်းရင်းမှာ ကုမ္ပဏီသည် ဘဏ်ချေးငွေအချို့ကို ပြန်လည် ပေးဆပ်ခဲ့သောကြောင့် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များ၏ အသားတင်ပိုင်ဆိုင်မှုသည် ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ကျပ် ၃၂၃.၇ ဘီလီယံ ဖြစ်ခဲ့ပြီး ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ကျပ် ၅၀၆.၀ ဘီလီယံ သို့ တိုးတက်လာခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးငွေမှာ ၅၆.၃% တိုးတက်ခဲ့ပြီး၊ ထိုသို့ တိုးတက်ခဲ့ရသည့် အကြောင်းရင်းမှာ Ayala Corporation ထံမှ ကြိုတင်ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၈၂.၅ သန်း ရရှိခဲ့ခြင်း၊ Yangon Land Co., Ltd ထံမှ ရိုးမဘဏ်၏ အစုရှယ်ယာများကို ဝယ်ယူရန်အတွက် Yangon Land Co., Ltd နှင့် ကုမ္ပဏီတို့ကြား အစုရှယ်ယာ အလဲအထပ် ပြုလုပ်ရာတွင် Yangon Land Co., Ltd သို့ ကုမ္ပဏီ၏အစုရှယ်ယာ ၅,၉၉၆,၉၄၇စု ကို ထုတ်ဝေခြင်း တို့မှ အရင်းအနှီးငွေ ကျပ် ၈၈.၈ ဘီလီယံ ရရှိခဲ့သောကြောင့်ဖြစ်သည်။ အဆိုပါ ဆောင်ရွက်ချက် နှစ်ခုစလုံး အား ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုမ္ပဏီ၏ ကြိုတင်ရင်းနှီးမြှုပ်နှံငွေ (Advance Capital) အဖြစ် စာရင်းသွင်းထား ပါသည်။ ဘဏ္ဍာနှစ်ကုန်ဆုံးပြီးကာစ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ကုမ္ပဏီသည် Yangon Land Co., Ltd ထံသို့ အထက်ဖော်ပြပါ အစုရှယ်ယာများကို ထုတ်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာခွင့်ပြုချက်များ ရရှိချိန်တွင်လည်း အဆိုပါ ကြိုတင်ရင်းနှီးမြှုပ်နှံငွေ အား အစုရှယ်ယာ အဖြစ် အသွင် ပြောင်းလဲပြီး Ayala Corporation ထံသို့ ကုမ္ပဏီ စုစုပေါင်းရှယ်ယာ၏ ၂၀% နှင့် ညီမျှသော သာမန် အစုရှယ်ယာများကို အချိုးကျ ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၄၄၉.၅ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်း အနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2020** | FY 2019 | % change |
|---|---|---|---|
| | **(Oct'19-Sep'20)** | (Oct'18-Sep'19) | |
| Net cash provided by operating activities | **264,129,986** | 194,892,304 | 35.5% |
| Net cash (used in) provided by investing activities | **(307,760,421)** | (53,288,808) | (477.5%) |
| Net cash provided by financing activities | **108,962,316** | 20,396,314 | 434.2% |
| Net increase in cash and cash equivalents | **65,331,881** | 161,999,810 | (59.7%) |
| Cash and cash equivalents at beginning of the period | **384,154,922** | 222,155,112 | 72.9% |
| Cash and cash equivalents at the end of the period | **449,486,803** | 384,154,922 | 17.0% |

ကုမ္ပဏီအုပ်စု၏ ငွေသားလက်ကျန်မှာ ၂၀၁၉ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၃၈၄.၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျပ် ၄၄၉.၅ ဘီလီယံအထိ ရှိခဲ့သည့်အတွက် ၁၇.၀% တိုးတက်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ ငွေစာရင်းရှင်းတမ်းတွင် ဖော်ပြထားသော ငွေသားလက်ကျန်အများစုမှာ ကုမ္ပဏီ နှင့် ရိုးမဘဏ်မှ ငွေလက်ကျန်များ ဖြစ်ပါသည်။ ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုမ္ပဏီအုပ်စုသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ရပ်များအတွက် ကျပ် ၂၆၄.၁ ဘီလီယံ ကို သုံးစွဲခဲ့ပြီး အဓိကအားဖြင့် ရိုးမဘဏ်၏ သုံးစွဲသူများအား ချေးငွေများ နှင့် ကြိုတင်ငွေများ တိုးမြှင့်ပေးခဲ့ခြင်း၊ Non-Performing Loans အဖြစ် ချေးငွေများအပေါ် ဆုံးရှုံးနိုင်ခြေကို ကြိုတင်လျာထားချက်များ တိုးမြင့်လာခြင်းကြောင့်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ရပ်များမှ ရရှိခဲ့သော ကျပ် ၃၀၇.၈ ဘီလီယံမှာ အဓိကအားဖြင့် ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များ နှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခဲ့ ခြင်းကြောင့် ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာလုပ်ရပ်များမှရရှိခဲ့သော ကုမ္ပဏီအုပ်စု၏ အသားတင်ငွေသားမှာ ကျပ် ၁၀၉.၀ ဘီလီယံရှိပြီး အဓိကအားဖြင့် ကုမ္ပဏီ၏ ကြိုတင် ရင်းနှီးမြှုပ်နှံမှုအဖြစ် ထည့်ဝင်ငွေကြောင့် ဖြစ်ပါသည်။

**အနာဂတ်မျှော်မှန်းချက်များ**

**ကုမ္ပဏီ အုပ်စုဆိုင်ရာ**

မြန်မာနိုင်ငံတွင် စက်တင်ဘာလမှ စ၍ COVID-19 ကပ်ရောဂါ၏ ဒုတိယလှိုင်းကို တွေ့ကြုံခဲ့ရပြီး ရန်ကုန်မြို့နေ ပြည်သူများအကြား ရောဂါဖြစ်ပွားသူ အရေအတွက်မှာ တစ်စတစ်စ များပြားလာသည်ကို မြင်တွေ့ခဲ့ရပါသည်။ ထိုအခြေအနေကို တုန့်ပြန်သည့်အနေဖြင့် နိုင်ငံတော်အစိုးရသည် ရောဂါပျံ့ပွားမှုကို ထိန်းချုပ်ရန်အတွက် မြို့နယ်များ အကြား သွားလာမှုများကို ကန့်သတ်ခြင်း၊ အိမ်တွင်း နေထိုင်ရန် အမိန့်ကြေငြာစာများထုတ်ပြန်ခြင်း နှင့် စားသောက်ဆိုင်များ အတွင်း ထိုင်၍ စားသောက်ခြင်း များကို တားမြစ်ခြင်းများ အပါအဝင် ပိုမိုတင်းကျပ်သော COVID-19 တုန့်ပြန်မှု အစီအမံများ ကို အကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရအာဏာပိုင်များသည် အချို့သော တားမြစ်ချက်ဆိုင်ရာ အစီအမံအချို့ကို အထိုက်အလျောက် ဖြေလျှော့ပေးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းများ သည်လည်း တစ်ဖြည်းဖြည်း ပြန်လည်ဖွင့်လှစ် လာခဲ့ပါသည်။

ထို့အပြင် ကျွန်တော်တို့နိုင်ငံသည် ၂၀၂၀ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒီမိုကရေစီလမ်းစဉ်အတိုင်း အထွေထွေရွေးကောက်ပွဲ ကို ဒုတိယအကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲ ရလဒ်များအရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် လွှတ်တော်နေရာအများစုကို အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နေရာအရေအတွက်ကိုပင် ကျော်လွန်ခဲ့သဖြင့် အစိုးရအသစ်ကို ဖွဲ့စည်းနိုင်မည်ဖြစ်ပါသည်။ ထိုရလဒ်များအရ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံအတွင်း လူထုထောက်ခံမှုများ ကျယ်ပြန့်စွာ ဆက်လက်ရရှိ နေပြီး လက်ရှိ အာဏာရပါတီ အနေဖြင့်လည်း ၎င်း၏ စီးပွားရေး နှင့် အခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

COVID-19 ကာကွယ်ရေးအတွက် တားမြစ်ချက်အစီအမံများ ဖြေလျှော့ပေးခြင်း နှင့် ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းတို့ကြောင့် ကုမ္ပဏီအုပ်စုအနေဖြင့်လည်း မြန်မာ့စီးပွားရေးအလားအလာသည် အကောင်းဘက်သို့ ဦးတည်နေမည်ဟု မျှော်မှန်းထားပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း နောင်လာမည့် ငါးနှစ်တာကာလ အတွင်း အမျိုးမျိုးသော နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးတည်ချက်များ နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကို ဖိတ်ခေ□ရန် အတွက် အလေးထားအာရုံစိုက် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ရပါသည်။ ထို့အပြင် COVID-19 အစီအမံများ၏ အကျိုးသက်ရောက်မှုများသည် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ပိုမိုမြန်ဆန်သောအရှိန်အဟုန်အဖြစ် ဖြစ်ပေါ်စေနိုင်မည်ဟု မျှော်လင့်ရပြီး ကုမ္ပဏီအုပ်စု၏ စီးပွားရေးလုပ်ငန်း အများစုသည်လည်း ပိုမိုအားကောင်းသော စီးပွားရေး ပြန်လည်ဦးမော့မှုကို ရရှိစေနိုင်မည် ဖြစ်ပါသည်။

ယေဘုယျအားဖြင့် COVID-19 ၏ အကျိုးသက်ရောက်မှုများသည်လည်း ဆက်လက်ဖြစ်ပေါ်လျက် ရှိပါသည်။ မည်သို့ပင်ဆို စေကာမူ၊ ကုမ္ပဏီအုပ်စုသည် ပြောင်းလဲဖြစ်ပွားနေသော ကူးစက်ရောဂါ အခြေအနေနှင့်အညီ အရံငွေသား ထားရှိခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များကို ထိန်းချုပ်ခြင်း နှင့် ယာယီရွှေ့ဆိုင်းနိုင်သော အသေးသုံးနှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ခေတ္တ ရွှေ့ဆိုင်းခြင်း အပါအဝင် သင့်လျော်သော အစီအမံများဖြင့် ဟန်ချက်ညီညီ တုန့်ပြန်မှုများကို ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါသည်။ ဒါရိုက်တာ အဖွဲ့နှင့် ကုမ္ပဏီအုပ်စု၏ အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့တို့ သည်လည်း ၎င်းတို့၏ ဆန္ဒအလျောက် ဒါရိုက်တာများအား ပေးအပ်ရသော အခကြေးငွေနှင့် လစာတို့ကို ၂၅% လျှော့ယူခြင်းအား နောက်ထပ်ခြောက်လအထိ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စုသည် ၎င်း၏ ငွေဖြစ်လွယ်မှု အနေအထားကို မြှင့်တင်ရန်နှင့် ထိန်းသိမ်းထားနိုင်ရန်အတွက် ယာယီ ရန်ပုံငွေ အစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

**ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဆိုင်ရာ**

ဤ ကဏ္ဍတွင် ကုမ္ပဏီ၏ အဓိက ရင်းနှီးမြှုပ်နှံထားသောလုပ်ငန်းမှာ ရိုးမဘဏ်လီမိတက် ဖြစ်ပါသည်။

မမျှော်လင့်ထားသော COVID-19 ၏ အကျိုးသက်ရောက်မှုများကြောင့် ရိုးမဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး လုပ်ငန်းကဏ္ဍတွင် ငွေသားစက္ကူကိုင်ဆောင်သုံးစွဲမှု မလိုအပ်သောစီးပွားရေး (Cashless Economy) တစ်ခုအဖြစ် ပြောင်းလဲစေလိုသည့် ရိုးမဘဏ်၏ မျှော်မှန်းချက်ကို အရှိန်မြှင့်တင်နိုင်ခဲ့ပါသည်။ ယခုလတ်တလောတွင် ရိုးမဘဏ် နှင့် Wave Money တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဘဏ်ခွဲပေါင်း ၈၀ ကျော် နှင့် ကိုယ်စားလှယ်နေရာ ၆၀,၀၀၀ ကျော်အထိ သုံးစွဲသူအများပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၂၀၂၁ခုနှစ်တွင်လည်း ရိုးမဘဏ်နှင့် Wave Money တို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် သုံးစွဲသူအများပြည်သူများကို ၎င်းတို့၏ ငွေကြေးများ စီမံခန့်ခွဲရန် အတွက် လုံခြုံမှု၊

အဆင်ပြေမှု နှင့် ဈေးနှုန်းချိုသာမှုများ ရှိစေနိုင်ရန်အတွက် ဒီဂျစ်တယ်ဝန်ဆောင်မှုများစွာ ကို ဆက်လက်တီထွင် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ် ဇွန်လတွင် ရိုးမဘဏ်သည် မြန်မာနိုင်ငံရှိ သုံးစွဲသူအများပြည်သူများ နှင့် စီးပွားရေးလုပ်ငန်းများ ကို ကမ္ဘာ့ဒီဂျစ်တယ်စီးပွားရေးကွန်ရက် နှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်၍ Mastercard နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထိုပူးပေါင်းဆောင်ရွက်မှုကြောင့် Yoma Bank ၏ ဒစ်ဂျစ်တယ်ကမ်းလှမ်းချက်များကို ချဲ့ထွင်ရန် နှင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် စီးပွားရေး တိုးတက်မှုကို အရှိန်အဟုန်မြှင့်နိုင်ရန် အထောက်အကူပြုပါသည်။ လက်ရှိအချိန်တွင် အဆိုပါ မိတ်ဖက်ဖွဲ့စည်းမှုမှတဆင့် ထောက်ပံ့ပေးမည့် ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများသည် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်းထံမှ ခွင့်ပြုချက် ရယူရန် စောင့်ဆိုင်းနေဆဲအဆင့်တွင် ရှိနေဆဲ ဖြစ်ပါသည်။

ထို့အပြင် ရိုးမဘဏ်သည် သုံးစွဲသူအများပြည်သူများကို အလေးအနက်ထားသည့် ဘဏ်တစ်ခုဖြစ်လာနိုင်ရန် စွမ်းဆောင်မှုတစ်ခု အနေဖြင့် သုံးစွဲသူများ ဆက်ဆံရေးစီမံခန့်ခွဲမှု (Customer Relationship Management) ဆော့ဖ်ဝဲလ်များကို ပံ့ပိုးပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည့် Salesforce နှင့် ပူးပေါင်း၍ သုံးစွဲသူများအတွက် အကောင်းဆုံး အတွေ့အကြုံများ ဖြစ်ပေါ်လာနိုင်စေရန် မဟာဗျူဟာကျသော ပလက်ဖောင်းတစ်ခုကို ချမှတ်ခဲ့ပါသည်။ ထို့နောက် ရိုးမဘဏ်သည် Prudential Myanmar နှင့် မိတ်ဖက်ဖွဲ့စည်း၍ PRUGroup Life နှင့် Health Insurance စသည့် product များကို တည်ထောင်နိုင်ခဲ့ပါသည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာလတွင် ရိုးမဘဏ် နှင့် LIFT တို့သည် ကျေးလက်ဒေသတွင် နေထိုင်သူများ အတွက် သီးသန့်ဖွံ့ဖြိုးရေး အစီအစဉ်များ (Individual Developmnt Accounts) ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ အဆိုပါ အားကောင်းသော မိတ်ဖက် ဖွဲ့စည်းမှု အစီအစဉ်တွင် ဘဏ္ဍာရေးဆိုင်ရာ အသိပညာတိုးတက်လာခြင်း၊ ငွေစုဆောင်းမှု အလေ့အထများ တိုးတက်လာခြင်း နှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများ အသုံးပြုမှု သိသာစွာ တိုးတက်လာခြင်းတို့ဖြင့် ကောင်းမွန်သော အကျိုးသက်ရောက်မှုများစွာ ကို ရရှိခဲ့ပါသည်။

အသေးစား ငွေချေးလုပ်ငန်းများ (MFI) နှင့် မဟာဗျူဟာမြောက်သော မိတ်ဖက်ဖွဲ့စည်းခြင်းများ မှတဆင့် ရိုးမဘဏ်သည် ကျပ် ၄၀ ဘီလီယံခန့် ကို မတူညီသော လူတန်းစားအလွှာအသီးသီးရှိ အသေးစား ချေးငွေယူသူများ အား ထောက်ပံ့ပေး နိုင်ခဲ့ပါသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံရှိ အသေးစား နှင့် အလတ်စား ငွေချေးလုပ်ငန်းများအား ပိုမိုဝန်ဆောင်မှု ပေးနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ နှင့်ပတ်သက်သည့် တီထွင်ဖန်တီးမှုရှိပြီး ယှဉ်ပြိုင်မှုအား ကောင်းသော အခွင့်အရေးများကို ဆက်လက်ရှာဖွေ လျက်ရှိပါသည်။

ရိုးမဘဏ်အနေဖြင့် ဈေးကွက်စီးပွားရေးအရ ပြောင်းလဲမှု ဖြစ်ပေါ်လာသော အလတ်စား၊ အသေးစား စီးပွားရေး လုပ်ငန်းများ (Macroeconomic) ၏ အခြေအနေများပေါ် အခြေခံ၍ အောက်ပါအချက်များကို ဦးစားပေး လုပ်ငန်းစဉ်များအဖြစ် ဆက်လက်လုပ်ကိုင် သွားမည် ဖြစ်ပါသည်။

၁။ COVID-19 ကာလအတွင်း မိမိတို့၏ သုံးစွဲသူပြည်သူများအား အကောင်းဆုံး ထောက်ပံ့မှုများ ပေးခြင်း၊

၂။ ဘဏ်ကို ကာကွယ်ရန် နှင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို စနစ်တကျ စီမံထိန်းချုပ်ခြင်း၊

၃။ စီးပွားရေး ပြန်လည် ဦးမော့လာသည့် အချိန်တွင် အသင့်ဖြစ်ရန်အတွက် ဘဏ်၏ မဟာဗျူဟာ အခြေခံ အုတ်မြစ်များကို သေချာချမှတ်ခြင်း၊

၄။ ဘဏ်၏ ဝင်ငွေ နှင့် ရေတိုအမြတ် တိုးတက်မှုကို ရရှိနိုင်ရန် ဆောင်ရွက်ခြင်း၊

နိုင်ငံ၏ ရေရှည်စီးပွားရေးတိုးတက်မှု အစီအစဉ်ကို မျှော်တွေးသည့် အနေဖြင့် ကုမ္ပဏီသည် ရိုးမဘဏ်၏ အစုရှယ်ယာ ၆၁.၉၉% အထိ ရှယ်ယာပိုင်ဆိုင်မှုကို တိုးမြှင့်ခဲ့ပြီး ရိုးမဘဏ်၏ အဓိက အစုရှယ်ယာရှင် အဖြစ် ရပ်တည်လျက်ရှိပါသည်။ ရိုးမဘဏ်သည် နှလုံးသားအရင်းခံ၍ မြန်မာနိုင်ငံ၏ တာဝန်ခံသောဘဏ် (Responsible Bank) တစ်ခုအဖြစ် ဆက်လက် အသိအမှတ်ပြုခံရမည် ဖြစ်ပြီး ရိုးမဘဏ်၏ အနာဂတ်အပေါ် တွင်လည်း ကုမ္ပဏီသည် ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိပါသည်။

**ကျန်းမာရေး စောင့်ရှောက်မှု**

ဤ ကဏ္ဍတွင် ကုမ္ပဏီ၏ အဓိက ရင်းနှီးမြှုပ်နှံထားသောလုပ်ငန်းမှာ ပန်းလှိုင်စီလုံဆေးရုံ ဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ် အောက်တိုဘာလတွင် Yoma-OUE Healthcare (“YOH”) ၏ စီမံခန့်ခွဲမှု အမှတ်တံဆိပ်အောက်တွင် ပန်းလှိုင်စီလုံ ဆေးရုံများကို ပန်းလှိုင်ဆေးရုံများ (PHH) အမှတ်တံဆိပ် အဖြစ်ပြောင်းလဲခဲ့ပါသည်။ PHH ကို FMI နှင့် OUE Lippo Healthcare (“OUELH”) စင်ကာပူတို့ကြား အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီး FMI မှ အစုရှယ်ယာ ၆၀% ပိုင်ဆိုင်၍ OUELH မှ အစုရှယ်ယာ ၄၀% ပိုင်ဆိုင်မှု ရှိပါသည်။ PHH သည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆေးရုံ ၃ ရုံ နှင့် ဆေးခန်း ၄ ခု တို့ဖြင့် လုပ်ငန်းများကို လည်ပတ်လျက်ရှိပါသည်။ YOMA Group ၏ “ပြည်သူ လူထုအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံကိုတည်ဆောက်ခြင်း”ဟူသည့် ပိုမိုကျယ်ပြန့် သော ရည်မှန်းချက် နှင့်အညီ PHH သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး အလွှာအသီးသီးရှိ အများပြည်သူများအား နိုင်ငံတကာ အဆင့်မှီ အရည်အသွေး၊ အတိုင်းအတာ၊ မေတ္တာစေတနာ များနှင့်အတူ စျေးနှုန်းချိုသာစွာဖြင့် လူတိုင်း လက်လှမ်းမီနိုင်သော ကျန်းမာရေး စောင့်ရှောက် မှုများကို ဝန်ဆောင်မှု ပေးအပ်နိုင်ရန် ရည်ရွယ်ပါသည်။

**စနစ်ပြုပြင်ပြောင်းလဲခြင်း**

၂၀၁၉ခုနှစ်မှစ၍ PHH သည် ဆေးကုသမှု လုပ်ငန်းများကို အလျင်အမြန် တိုးတက်လာနိုင်စေရန် ရည်ရွယ်လျက် အထူးကု ဆရာဝန်များ အချိန်ပြည့်ထားရှိသည့် စနစ်မှ အချိန်ပိုင်းအလှည့်ကျ ဆရာဝန်များနှင့် ပေါင်းစပ်အသုံးပြုသည့် စနစ်သို့ တစ်ဖြည်းဖြည်း ပြောင်းလဲ လာခဲ့ပါသည်။ ထိုကဲ့သို့ ဆရာဝန်များ၏ ဝန်ဆောင်မှုကို အချိန်ပြည့် နှင့် အချိန်ပိုင်း အချိုးညီစွာ ပေါင်းစည်းထားသည့် (Hybrid Model) စနစ်ဖြင့် PHH ဆေးရုံ နှင့် ဆေးခန်းကွန်ယက်အနေဖြင့် ဝင်ငွေ တိုးပွားစေသည့် အပြင် စွမ်းဆောင်ရည်လည်း မြင့်တက်လာမည်ဖြစ်ပြီး PHH အနေဖြင့်လည်း စီးပွားရေး အကျိုးအမြတ်များစွာကို ဖြစ်ထွန်း ပေါ်ပေါက်စေနိုင်မည် ဖြစ်ပါသည်။

**ကျန်းမာရေးစောင့်ရှောက်မှု ပုံစံအသစ်သို့ ပြောင်းလဲခြင်း**

မြန်မာနိုင်ငံရှိ ပြည်သူလူထုများအတွက် အကောင်းဆုံး နိုင်ငံတကာအရည်အသွေးရှိသော ကျန်းမာရေး စောင့်ရှောက်မှုများကို ဝန်ဆောင်မှုပေးနိုင်ရန် PHH သည် မဟာဗျူဟာပြောင်းလဲနေမှု ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပုံစံအသစ်ဖြစ်သော (EH) စနစ် ကို ၂၀၂၀ပြည့်နှစ် မေလတွင် တည်ထောင်ခဲ့ပါသည်။ ယင်းစနစ်မှာ အစဉ်အလာ ကျန်းမာရေးစောင့်ရှောက်မှု ပေးသည့် ပုံစံကို အထောက်အကူပြုရန် နှင့် Smart Digitized Solution များဖြင့် PHH ၏ ဝန်ဆောင်မှု ပေးနိုင်သော အတိုင်းအတာကို တိုးချဲ့ရန်၊ အရင်းအမြစ်ပစ္စည်းများ လျှော့ချသုံးစွဲ နိုင်မည့်

နည်းလမ်းကို ပြောင်းလဲနိုင်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ EH ၏ ကျန်းမာရေးထုတ်ကုန် နှင့် ဝန်ဆောင်မှု အသစ်တစ်ခုဖြစ်သော wellness model ကို အခြေခံကာ နည်းပညာကို အသုံးချ၍ မြန်မာနိုင်ငံ၏ လူတန်းစား အလွှာအသီးသီးကို ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် Online မှတဆင့် နေအိမ် နှင့် ဆေးရုံကို ချိတ်ဆက်ပေးနိုင်သည့် ဝန်ဆောင်မှု တစ်ခုကို တည်ဆောက်ရန် ရည်ရွယ်လျက် ရှိပါသည်။ EH ၏ မဟာဗျူဟာ ရည်မှန်းချက်သည် မြန်မာတစ်ပြည်လုံးရှိ လူဦးရေ ၅၅ သန်း အားလုံး ကို ဝန်ဆောင်မှုပေးနိုင်ရန် အတွက် စုဆောင်းထားသော အချက်အလက်အများအပြားကို အသုံးပြုလျက် လေ့လာသုံးသပ် ရေး နှင့် ရောဂါရှာဖွေရေးဆိုင်ရာ လူနာဗဟိုပြုကျန်းမာရေးစောင့်ရှောက်မှု (Patient Centric care) ပေးနိုင်မည့် ကျွမ်းကျင်သူများ အဖွဲ့တစ်ဖွဲ့ ဖြစ်သော (Team of Champions) ကို ထူထောင်သွားရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆက်လက်၍ တီထွင်ဖန်တီးမှုများ ပြုလုပ်နေသော်လည်း အခြားတစ်ဖက်တွင် PHH ၏ စီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိပါသည်။ COVID-19၏ အကျိုးသက်ရောက်မှုများကြောင့် စိန်ခေါ်မှုများကြားတွင် PHH သည် ဆက်လက်ရှင်သန်ရန်၊ အချင်းချင်း စောင့်ရှောက်ကာကွယ်ရန် (အလုပ်များ၊ ဝန်ထမ်း များ နှင့်လူနာများအား) နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် (ရည်ရွယ်ချက်ကို ဖော်ဆောင်ရန် နှင့် COVID-19 ကပ်ရောဂါအား အတူတကွ တွန်းလှန်ရန်) ဆုံးဖြတ်ထားပါသည်။ PHH သည် ရေတိုရေရှည်ကာလတွင် ဆက်လက်ရှင်သန်ရန်နှင့် ငွေကြေး လည်ပတ်မှု ပိုမိုအားကောင်းစေရန်အတွက် အခြေခံအဆောက်အဦနှင့် လူစွမ်းအားအရင်းအမြစ်တို့ကို ပြန်လည်၍ မွမ်းမံတည်ဆောက်ရာတွင် အချိန်ပြည့် နှင့် အချိန်ပိုင်း အထူးကုဆရာဝန်များ၏ စွမ်းအားများကို အချိုးညီစွာ ဖြင့် ပေါင်းစည်းထားသော Hybrid Model စနစ်ကို ကျင့်သုံးခဲ့ပါသည်။ ထို့အပြင် PHH သည် ငှင်းချေးယူထားသော ကြွေးမြီနှင့် လုပ်ငန်းတွင်း ထည့်ဝင်ရမည့် အလုံးအရင်း အသုံးစရိတ်များ (Capex)နှင့်ဆိုင်သော စီမံချက် တို့ကို ကောင်းမွန်စွာ ချမှတ်ခဲ့ပြီး ငွေသားလည်ပတ်မှုချောမွေ့စေရန်အတွက် စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်ခဲ့ပါသည်။ PHH သည် ၂၀၂၁ မဟာဗျူဟာစီမံကိန်းတွင် အောက်ပါအချက်များကို ဦးစား ပေး ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၁။ ဝန်ထမ်းများ နှင့် လူနာများ၏ ဘေးကင်းလုံခြုံရေး၊

၂။ COVID-19 ဝေဒနာ ခံစားရသော လူနာဦးရေတိုးပွားလာမှုကို တုန့်ပြန်ရာတွင် မိမိတို့၏ တာဝန်များကို ခွဲဝေယူရန်၊ အစိုးရ နှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းကို ကျင့်သုံးရန်၊

၃။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကုမ္ပဏီကို ကာကွယ်ရန်၊

၄။ ဝင်ငွေရလမ်းအသစ်များ နှင့် တီထွင်ကြံဆမှုအသစ်များကို လုပ်ဆောင်ရန်၊

အနှစ်ချုပ်အားဖြင့်ဆိုသော် PHH သည် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ချဲ့ထွင်ခဲ့ပြီး YOMA-OUE Healthcare အမှတ်တံဆိပ်အသစ်အောက်တွင် လက်ရှိ ဝန်ဆောင်မှုပေးနေသော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအပြင် ပုံစံအသစ်ဖြင့် ဖန်တီးထားသော ကျန်းမာရေး စောင့်ရှောက်မှုများကို ပေါင်းစပ်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ YOMA-OUE Healthcare သည် ဈေးနှုန်း သင့်တင့်မျှတပြီး လူအများ လက်လှမ်းမီနိုင်သော ဒီဂျစ်တယ်အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုကို လူတန်းစား လွှာ အသီးသီး အတွက် ရည်ရွယ်၍ ဆေးရုံ၊ဆေးခန်းများအားလုံးကြားတွင် တစ်ပြေးညီ ဝန်ဆောင်မှုများ ပေးအပ် နိုင်မည်ဟု ကုမ္ပဏီမှ ယုံကြည်ပါသည်။

## အိမ်ရာဖော်ထုတ်တည်ဆောက်ရေး ကဏ္ဍ

ဤကဏ္ဍတွင် ကုမ္ပဏီ၏ အဓိကရင်းနှီးမြှုပ်နှံမှုမှာ Star City စီမံကိန်း နှင့် Yoma Central စီမံကိန်းတို့ ဖြစ်ကြပြီး ထိုစီမံကိန်း နှစ်ခုစလုံးမှာ Yoma Land အမှတ်တံဆိပ်အောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော အထင်ကရ စီမံကိန်းကြီးများ ဖြစ်ကြပါသည်။ Yoma Land ကုမ္ပဏီ သည် ရန်ကုန်မြို့၏ မြို့ပြအသွင်အပြင်ကို အကြီးစား အိမ်ရာစီမံကိန်း (၃) ခု ဖြစ်သော Star City လူနေအိမ်ရာ ၊ Yoma Central နှင့် The Peninsula Yangon ဘက်စုံအသုံးပြုနိုင်သော အိမ်ရာစီမံကိန်း တို့ဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက် ရှိပါသည်။

ကုမ္ပဏီအုပ်စု၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေး လုပ်ငန်းသည် ဆက်လက်၍ အရှိန်အဟုန်ဖြင့် တိုးတက်လျက် ရှိပါသည်။ StarCity အိမ်ရာ၏ လက်ရှိနောက်ဆုံးတည်ဆောက်လျက်ရှိသော စီမံကိန်း City Loft Project သည် စုစုပေါင်း အဆောက်အဦး (၁၁)လုံး ဆောက်လုပ်ခဲ့ရာမှ ပထမဆုံး အဆောက်အဦး (၃) လုံးကို ၂၀၂၀ပြည့်နှစ် စက်တင်ဘာလတွင် အခန်းဝယ်ယူသူများထံသို့ လွှဲပြောင်းပေးအပ် နိုင်ခဲ့ပါသည်။ ထို့အပြင် Yoma Land သည် ပထမဆုံးအကြိမ်အဖြစ် StarCity အိမ်ရာဝင်းအတွင်း မြေယာပိုင်ဆိုင်မှုပါဝင်သည့် လုံးချင်းအိမ်ရာများ ဖြစ်သော Star Villas ဟုခေ□သည့် အိမ်ရာစီမံကိန်း ကိုလည်း ၂၀၂၀ပြည့်နှစ် ဩဂုတ်လတွင် စတင် မိတ်ဆက် ရောင်းချနိုင်ခဲ့ပါသည်။ Star Villas အိမ်ရာ အဆင့် (၁) ကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပြီးနောက် Star Villas အိမ်ရာ အဆင့် (၂) ကိုလည်း လာမည့်လ အနည်းငယ်အတွင်း စတင်မိတ်ဆက် ရောင်းချသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် StarCity အိမ်ရာအား စီးပွားရေး နှင့် လူမှုရေး အချက်အချာ နေရာတစ်ခုအဖြစ် ပြောင်းလဲနိုင်ရန် အိမ်ရာဖော်ထုတ် တည်ဆောက်ရေး အစီအစဉ်ကို တိုးချဲ့နိုင်မည့် အခွင့်အလမ်းများ ရှာဖွေလျက် ရှိပါသည်။ မြို့လယ် ခေါင်နှင့်ဝေးကွာသော ဆိတ်ငြိမ်မှုပိုမိုရှိသော နေရာတွင် တည်ဆောက်မည့် ပထမဆုံး အဆင့်မြင့် ရုံးအဆောက်အဦး စီမံကိန်း ဖြစ်သော StarHub စီမံကိန်းကို လာမည့်လအနည်းငယ်အတွင်း စတင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ StarHub တွင် အများပြည်သူများ အလုပ်နှင့် နေအိမ်နီးကပ်စွာ နေထိုင်လုပ်ကိုင်နိုင်ရန် အတွက် စီးပွားရေးအရ ဈေးနှုန်း သင့်တင့်သော လူနေမှုအသိုက်အဝန်း အခြေပြု ရုံးခန်းအဆောက်အဦများ ပါဝင်မည်ဖြစ်ပါသည်။ ဈေးကွက်တွင် နာမည် ကျော်ကြားသော ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ နှင့် နည်းပညာကုမ္ပဏီများသည် Star Hub ၏ ရုံးခန်းနေရာများကို ရေရှည်ငှားရမ်းရန် ကတိကဝတ်ပြုထားပြီး စီမံခန့်ခွဲရေးအဖွဲ့သည်လည်း ၂၀၂၂ နှစ်ကုန်တွင် ထိုရုံးခန်းနေရာများကို ၎င်းတို့အား ပေးအပ်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

